# တူတူရေးဝါးပို့စ်

ကျွန်တော်ရဲ့ ဘလော့ဂ်လေးမှာ စာများရေးတင်တဲ့အခါ စာပိုဒ်က တအားရှည်တဲ့အတွက် စာပိုဒ်လေးကို တစ်ပိုဒ်လောက်ရိုက်ပြီး ကျန်သည့်အပိုဒ်များကို ဖျောက်ထားတဲ့ စနစ်လေးကို လိုချင်ခဲ့ပါတယ်။ အဲဒီနည်းပညာလေးကို လိုချင်ခဲ့တဲ့အတွက် အင်တာနက်မှာ သဲကြီးမဲကြီး ရှာဖွေခဲ့ပါတယ်။ တွေ့ခဲ့ပါတယ်။ ကိုရန်အောင်ရဲ့ ဘလော့ဂ်ထဲက ရခဲ့တာပါ။ ကိုရန်အောင်ရဲ့ စေတနာ ဘယ်လောက်ထိကောင်းသလဲဆိုရင် ဘလော့ဂ်နဲ့ ပတ်သက်တဲ့အချက်အလက်များကို စုံလင်စွာ အပင်ပန်းခံ ရှင်းပြထားပါတယ်။

ကျွန်တော်ရဲ့ ဘလော့ဂ်လေးကို ကိုရန်အောင်ရဲ့ Peek-A-Boo Post နည်းလမ်းများ အတိုင်း ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ မအောင်မြင်ခဲ့တဲ့အတွက် ကျွန်တော် လက်လျှော့ခဲ့ရပါတယ်။ တစ်လလောက်နေတော့ ကျွန်တော်ရဲ့ ဘလော့ Cbox မှာ ကိုအောင်မျိုးဟန်ဆိုသူတစ်ဦး လာလည်ကြောင်း စာရေးသွားခဲ့ပါတယ်။ ကိုအောင်မျိုးဟန်ဟာလဲ ကိုယ်ပိုင်ဘလော့ဂ်ကို တည်ဆောက်ထားသူ ဖြစ်ပါတယ်။ ကိုယ့်ဆီလာလည်သလို ကျွန်တော်လဲ သူရဲ့ ဘလော့ဂ်ကို ရောက်ခဲ့ပါတယ်။ ကိုအောင်မျိုးဟန်ရဲ့ ဘလော့ဂ်မှာ ကျွန်တော်လက်လျှော့ခဲ့ရသော တူတူရေးဝါးပိုစ်လေး ပြုလုပ်ထားတာကို တွေ့ခဲ့ရပါတယ်။ ကျွန်တော် အကြံတစ်ခုပေါ်ပြီး ကိုအောင်မျိုးဟန်ဆီ အီးမေးလ် ပို့ပြီး အကူအညီတောင်းခဲ့ပါတယ်။ Peek-A-Boo Post ကို အဆင်ပြေအောင် ဘယ်လိုလုပ်ခဲ့သလဲဆိုတာ မေးခဲ့ပါတယ်။

ကျေးဇူးတင်ဖို့ကောင်းပါတယ်။ ကျွန်တော်ဆီကို ချက်ချင်းပဲဆိုသလို အီးမေးလ်ပြန်ပါတယ်။ သူက ကိုရန်အောင်ဘလော့ဂ်မှာ ညွှန်းထားတဲ့ Peek-A-Boo Post မူရင်းဖြစ်သော အင်္ဂလိပ် စာထဲမှ ကူးယူခဲ့ရာ အဆင်ပြေခဲ့ကြောင်း အကြောင်းပြန်ပါတယ်။ သွားရမယ့် လမ်းကြောင်းလဲ ပြောပြပါတယ်။ ကျွန်တော် ကြိုးစားပြီး ပြုလုပ်ခဲ့ပါတယ်။ ည ၁၂ း ၀၀ ကျော်သည်မှ ရခဲ့ပါ တယ်။

ကိုရန်အောင် ပြောပြပေးတဲ့ နည်းလမ်းက မှန်ပါတယ်။ ဒါပေမယ့် လိုအပ်ချက်လေးတွေ ရှိနေပါတယ်။ ဒါကြောင့် ကိုရန်အောင် ညွှန်းထားတဲ့ ဝက်ဆိုက်ကို Reference လုပ်ပြီး ကျွန်တော့်ရဲ့ ကိုယ့်တွေ့ရလာတဲ့ နည်းလမ်းအစီအစဉ် အားနည်းချက်များကို ဖော်ပြပေး လိုက်ပါတယ်။

ပထမဆင့်။ ဘလော့ဂ်သည် Template အသစ်နဲ့ စလုပ်ပါ။ ဘာစာမှ ရေးမထားသော Template ဖြစ်ရပါမည်။ အဟောင်းနှင့် လုပ်ပါက ရပါသည်။ သို့ပေမယ့် အသစ်နဲ့ စမ်းပြီးမှ အဟောင်းကို ပြုပြင်ပါက ပို၍ ကောင်းပါတယ်။

ဒုတိယဆင့်။ Template အသစ်တွင် Layout ကို သွားပါ။ Edit HTML ကို ရွေးပါ။ Edit HTML ထဲ ရောက်ပါက Expand Widgets ဆိုသော Box ကို အမှန်ခြစ်လေး ပေးပါ။ ပြီးလျှင် HTML များထဲတွင် </Head> ကိုရှာပါ။ ၎င်း၏ အပေါ်တွင် အောက်ပါစာသားများကို ကူးထည့်လိုက်ပါ။

```
<script type='text/javascript' src='http://www.anniyalogam.com/widgets/hackosphere.js' />
```

တတိယဆင့်။ <b:includable id='post' var='post'> ကို ထပ်ရှာပါ။ တွေ့လျှင် အောက်ပါစာသားများကို ဖျက်ပါ။

```
<b:includable id='post' var='post'>
 <div class='post hentry uncustomized-post-template'>
<a expr:name='data:post.id'/>
<b:if cond='data:post.title'>
<h3 class='post-title entry-title'>
<b:if cond='data:post.link'>
<a expr:href='data:post.link'><data:post.title/></a>
<b:else/>
<b:if cond='data:post.url'>
<a expr:href='data:post.url'><data:post.title/></a>
<b:else/>
<data:post.title/>
</b:if>
</b:if>
</h3>
</b:if>

<div class='post-header-line-1'/>

<div class='post-body entry-content'>
<p><data:post.body/></p>
<div style='clear: both;'/> <!-- clear for photos floats -->
</div>
```

ဖျက်ပြီးလျှင် အောက်ပါစာသားများကို အစားသွင်းပါ။

```
<b:includable id='post' var='post'>
<div class='post'>
<a expr:name='data:post.id'/>
<b:if cond='data:post.title'>
<h3 class='post-title'>
<b:if cond='data:post.url'>
<a expr:href='data:post.url'><data:post.title/></a>
<b:else/>
<data:post.title/>
</b:if>
</h3>
</b:if>
<div class='post-header-line-1'/>
<div class='post-body' expr:id='"post-" + data:post.id'>
<b:if cond='data:blog.pageType == "item"'>
<p><data:post.body/></p>
<b:else/>
<style>#fullpost {display:none;}</style>
<p><data:post.body/></p>
<span id='showlink'>
<p><a expr:onclick='"javascript:showFull(\"post-" + data:post.id + "\");"' href='javascript:void(0);'>Read
More...</a></p>
</span>
<span id='hidelink' style='display:none'>
<p><a expr:onclick='"javascript:hideFull(\"post-" + data:post.id + "\");"' href='javascript:void(0);'>Summary
only...</a></p>
</span>
<script type='text/javascript'>checkFull("post-" + "<data:post.id/>")</script>
</b:if>
<div style='clear: both;'/> <!-- clear for photos floats -->
</div>
```

ပြီးပါက Save Template လုပ်ပါ။

စတုတ္ထဆင့်။ Setting အောက်ရှိ Formatting ကို သွားပါ။ ရောက်လျှင် Post-Template အကွက်ထဲတွင် အောက်ပါစာသားကို ထည့်လိုက်ပါ။

Type your summary here.
<span id="fullpost">
Type the rest of your post here.
</span>

နောက်ဆုံးဆင့်။ Posting တွင် စာများရေးသားနိုင်ပါပြီ။ Type your summary here နှင့် Type the rest of your post here တို့ ပေါ်နေပါလိမ့်မည်။ မိမိစာကို တစ်ပိုဒ်ပဲ ဖော်ပြရန် Type your summary here စာသားကို ဖျက်၍ ၎င်း၏ နေရာတွင် စရိုက်ပါ။ နောက်ပိုင်းများကို ဖွက်ထားချင်တယ်ဆိုရင် Type the rest of your post here မှာ စရိုက်ရမှာ ဖြစ်ပါတယ်။

ကဲ အားလုံးအဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မောင်စေတနာ**
www.mgsaytanar.blogspot.com
5/17/2008 10:46 Morning